# မင်းဒင်၏
# ဥပဒေ

ကျွန်တော့်ဘဝတွင် သာမန်စစ်သည်၊ ဗိုလ်ကြီးမှသည် ဗိုလ်ချုပ်ကြီး အထိ ပါဝင်ပတ်သက်ဖူးခဲ့သည်။ သို့သော် သစ္စာအဓိဋ္ဌာန်လေးချက်ဖြင့် ပြည့်ဝသောစစ်သည်တော်ကောင်းတို့ကိုမှမြင်ရတွေ့ရခဲ့လှသည်။ ခေတ်ပြောင်း စနစ်ပြောင်းချိန်တွင် စစ်သည်တော်ကောင်းတစ်ယောက်ကို လူမှုကွန်ယက်မှ တစ်ဆင့် ခင်မင်ခွင့်ရခဲ့သည်။ သူကား ငွေစိုး ပေတည်း။ ငွေစိုးဟု ရေးလိုက် သဖြင့် အဂါရဝအမှု မယူဆစေလိုပါ။ ချစ်ခြင်းအားဖြင့် ညီငယ်တစ်ယောက် ကဲ့သို့ ခေါ်ဝေါ်လိုက်ခြင်းသာ ဖြစ်ပါသည်။ မိတ္တီလာသား ငွေစိုးသည် အမှန်တရားကို မြတ်နိုးသူဖြစ်သည်မှာ အလွန်သေချာ၏။ အဘယ်ကြောင့်ဟူမူ စစ်ဖက်အရာရှိ အားလုံးတိုင်းလိုလို ရိုက်သွင်းခံရသောစရိုက်၊ စစ်သား မပီသသောအပြုအမူတို့ကို တပ်တွင်းမှာပင် ဆန့်ကျင်ခဲ့သော သူ့စိတ်ဓာတ် စရိုက်သည် သူ့စာများမှာ ပေါ်လွင်နေသည်။

ငွေစိုးသည် အမှန်တရားကို မြတ်နိုးသူဖြစ်၏။ နိုင်ငံတော်ကို အမှန်တကယ်ချစ်မြတ်နိုးသော စစ်သည်တော်ကောင်းဟု ကျွန်တော်မှတ်ချက် ပြုလို၏။ ထိုအချက် မှန်/မမှန် ယခုထုတ်ဝေလိုက်သည့် စာအုပ်တွင် စာရှုသူများ အကဲဖြတ်နိုင်ပေလိမ့်မည်။ ငွေစိုး မည်သို့သောသူနည်း။ ရှားမှရှား သော တိုင်းပြည်ကို အမှန်တကယ်ချစ်မြတ်နိုးသော စစ်သားကောင်းတစ်ယောက် ဟုတ်မဟုတ် ဝေဖန်ပိုင်းဖြတ်နိုင်ပေလိမ့်မည်။ ထိုသို့သော စစ်သည်တော် ကောင်း ဗိုလ်ကြီးငွေစိုး(ငြိမ်း)၏ စာအုပ်တွင် အမှာစာရေးခွင့်ရခြင်းအတွက် ကျွန်တော် အမြတ်တနိုးဂုဏ်ယူလိုပါသည်။

*ချစ်ခြင်းအားဖြင့်–*

မင်းဒင်

*(ဖွားဖက်ကျွန်း၊ ထိုင်းနိုင်ငံတောင်ပိုင်း*
*၂၀၁၆၊ ဒီဇင်ဘာ ၂၆)*

# မိုးဇေညီမင်း၏ အမှာစကား

စစ်သားတစ်ယောက် သူ ဘာလုပ်ခဲ့လဲဆိုတာကို ရိုးရိုးသားသားချပြရဲတဲ့ စစ်သား ဘဝအတွေ့အကြုံတွေကိုပဲ ပြည်သူတွေက သိချင်ဖတ်ချင်ကြတာပါ။ ပေါလစီဆန်ဆန် ရေးတာတွေ၊ ငါတို့ မမှားဘူးဆိုတဲ့အမြင်တွေကို ဖတ်ချင်ကြတာ မဟုတ်ပါဘူး။ လူသည် ပြီးပြည့်စုံ သောသတ္တဝါမဟုတ်တာမို့ မှားတာတွေလည်း ရှိမယ်။ မှန်တာတွေလည်း ရှိမယ်။ ဘယ်ဟာသည် မှားခဲ့ပြီး ဘယ်အရာမှာတော့မှန်ခဲ့တယ်ဆိုတာကို ပြောရဲတဲ့သတ္တိတော့ လူတိုင်းမှာ မရှိကြဘူး။ ကျနော်တို့လုပ်ခဲ့တာ အားလုံးမှန်ပါသည်လို့ပဲ စစ်တပ်ဗိုလ်ချုပ်ကြီးတွေက ခုချိန်ထိ ဖင်ပိတ် နားပိတ်အော်နေကြဆဲ။ ကိုငွေစိုးကတော့ ကျနော် ဘာလုပ်ခဲ့တယ် ဆိုတာကို သတ္တိရှိရှိနဲ့ပြောပြရဲတာမို့ ချီးကျူးပါတယ်။

ကျနော် ကိုငွေစိုးကို စသိစဉ်က သူက တမ(၇၇) လက်အောက်ခံ တပ်ရင်းတစ်ခုမယ် တပ်ရေးဗိုလ်ကြီးတာဝန်။ စသိတယ်ဆိုပေမင့် လူချင်းသိတာ မဟုတ်ဘူး။ နာမည်ကိုပဲ သိ ခဲ့တာ။ တဆင့်မြင့်ရာထူးတင်ဖို့ နာမည်တွေတက်လာတိုင်း သူက ဘီစီအရ စီနီယာကျပေမင့် သူ့ကို တပ်ရင်းမှူးရော အထက်တပ်မတာဝန်ရှိသူတွေကပါ မထောက်ခံလို့ ရာထူးတိုးစာရင်းထဲ မပါခဲ့ဘူး။ အဲ့ဒါကြောင့် ဒီလူက ဘာတွေဆိုးလို့ ဘယ်သူမှ မထောက်ခံတာလဲဟုဆိုပြီး တွေးမိဖူးတယ်။ အထက်လူကြီးကို ဖားတတ်ယားတတ်မှ နေရာရတဲ့ခေတ်မယ် ကိုယ်မှန်တယ် ထင်ရာလုပ်တဲ့လူတစ်ယောက် နေရာမရတာတော့ မဆန်းပါဘူး။

နောင် ပြန်တွေ့ရတော့ ဖေ့စ်ဘုတ်ပေါ်မှာပါ။ တော်တန်ရုံလူဆို ကျနော် စကားသွား ပြောလေ့မရှိဘူး။ သူ့ကိုတော့ စကားသွားပြောဖြစ်ပါတယ်။ နောက်တော့ တိုတိုချုပ်ပြောရင် ဖေ့ဘုတ်ပေါ်မှာ အတော်လေးခင်မင်ရင်းနှီးခဲ့ကြတယ်။

သူ့စိတ်ကို သိလာရတာက သူက မှန်တယ်ထင်ရင် ခွတ်လုပ်တယ်။ မှားနေတာ သိရင်လည်း ပြင်ရဲတယ်။ တချို့က မှားတာသိတာတောင် ပြင်ဖို့သတ္တိမရှိကြဘူး။ ကိုငွေစိုးမှာက ပြင်ရဲတဲ့သတ္တိရှိတယ်။ သူ့မယ် ပင်ကိုယ်ရိုးသားမှုအခြေခံရှိသလို ဘဝအတွေ့အကြုံကပေးတဲ့ ဆင်ခြင်ဆုံးဖြတ်နိုင်မှုကိုလည်း အသုံးချနိုင်ခဲ့တယ်။ လူဟာ အတွေ့အကြုံဘယ်လောက်ပဲများများ ဘယ်လောက်ပဲတော်တော် ရိုးသားမှုမရှိရင်တော့ နာမည်ပျက်ပဲ ကျန်ရစ်ပါလိမ့်မယ်။

ကိုငွေစိုးဟာ ရိုးသားမှုအပြည့်အဝရှိသော စစ်သားတစ်ယောက်ဖြစ်ခဲ့တယ်။ ရာထူး နေရာရခဲ့တာ၊ မရခဲ့တာထက် သူ့ရိုးသားမှုကိုပဲ မြင်မိတယ်။ သူ့ဖြတ်သန်းမှုဘဝအတွင်း သူ့ကိုယ်သူ လီပ်ပြာလုံခဲ့သူတစ်ယောက်လို့ပဲ မြင်တယ်။ သူ့အတွေ့အကြုံတွေအကြောင်းကို နိုင်နိုင်မာမာပြည့်ပြည့်စုံစုံနဲ့ စာအုပ်တစ်အုပ်ဖြစ်လာလို့လည်း ဂုဏ်ယူပါတယ်။ ဒါက သူ့ရဲ့ ပထမဆုံးစာအုပ်တော့ မဟုတ်ပါဘူး။ ရှေ့မှာလည်း သူရေးခဲ့တဲ့ စာအုပ်တွေရှိတယ်။ သူ ကြုံဆုံခဲ့ရတဲ့စစ်သားဘဝကို အရှိအတိုင်း အမှန်အတိုင်းရေးထားတာမို့ ပေါလစီဆန်ဆန် စစ်သားဘဝစာအုပ်တွေနဲ့ မတူတာတော့ လုံးဝ(လုံးဝ) သေချာတယ်။ ဖတ်ကြည့်ရင်တော့ ပိုပြီး တွေးမိ သိမိတာတွေ ရှိလာပါလိမ့်မယ်။

# မာတိကာ


* မင်းဒင်၏ ဥပဒေ
* မိုးဇေညီမင်း၏ အမှာစကား
* မှတ်တမ်းဓာတ်ပုံများ

| | |
|---|---|
| စစ်သားဘဝ အစကနဦး | ၁၁ |
| လက်တွေ့ဘဝနဲ့ ကျွန်တော် | ၄၄ |
| တပည့်စကားနားမထောင်မိတဲ့ ဆရာ့ဗုက္ကအိုးလေး | ၆၁ |
| ဘုန်းကြီးအမှုရှာပတ်ခဲ့တဲ့ ကျွန်တော် | ၆၇ |
| ရှဉ့်လည်းမလျှောက် ပျားလည်းစွဲတဲ့ နှလုံးရည်တိုက်ပွဲ | ၇၆ |
| သီလပေးတရားဟောခဲ့ရတဲ့ ဆင်မောင်းရွာ | ၈၆ |
| လွယ်ကောင်းမှုဟန်တိုက်ပွဲမှ မြေဇာပင်ဝိညာဉ်များရဲ့ တောက်ခေါက်သံများ | ၁၂၅ |
| ပဋိက္ခရားဝင်စားတဲ့ တပ်ရင်းမှူးတဲ့ | ၁၄၆ |
| ကုန်ဆာအလွန်ကျဖိုးမှသည် လွယ်ကောင်းမှုဟန်ဆီသို့ | ၁၅၅ |
| ကျွန်တော့် စစ်သားဘဝထဲက မှန်သူရဲကောင်း လင်္ကန်းအိမ် | ၂၁၄ |
| အာဏာဆိုတာ အာပြဲ နာရတာပါ | ၂၄၄ |
| ထူးဆန်းပေစွ ... ထူးဆန်းပေစွ | ၂၅၄ |
| သတ္တိဆိုတာ သတ်ရဲတာမဟုတ်ဘူး | ၂၅၈ |
| ကျွန်တော်နဲ့ ရေဗူးပေါက် | ၂၆၇ |
| ကိုယ်ကအရင် ပေးဆပ်ခဲ့သော် | ၂၇၄ |
| မဖြစ်နိုင်တာကို ဖြစ်အောင်လုပ်မယ် | ၂၉၀ |
| ရှင်ဘုရင်ညားရင် မိဖုရား၊ သူတောင်းစားနဲ့ ညားရင် ... | ၂၉၅ |
| တပခ ခေါ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် | ၃၀၀ |
| ဗိုလ်ဖောက်ထိုးနဲ့ ဗိုလ်ဖောက်တန်း | ၃၀၈ |
| ရွှေကျင်မီးမျှောပွဲ လုံခြုံရေးမှ ရွှေတန်းပြန်ဝင်တဲ့တစ်နေ့ | ၃၁၆ |
| မိုက်တယ်ဆိုတာ လွယ်ပါတယ် | ၃၂၁ |
| အနီးဆုံးရန်သူအား ရှာဖွေချေမှုန်းကြလော့ | ၃၃၀ |
| ဘိုလိုစခန်းနဲ့ ဆယ့်တစ်မိုး | ၃၄၉ |